မြန်မာသတင်းလွှာ

မြန်မာနိုင်ငံမှတလအတွင်းဖြစ်ရပ်များအားသုံးသပ်မှု

A L T E R N A T I V E   A S E A N   N E T W O R K   O N   B U R M A
campaigns, advocacy & capacity-building for human rights & democracy

အမှတ်စဉ် ၈၃ ၂၀၁၃ ခု၊ နိုဝင်ဘာလ

- လူသိရှင်ကြားငြိမ်းချမ်းရေးဆွေးနွေးပွဲများပြုလုပ်နေစဉ်တွင်ပင် အစိုးရတပ်များသည် ကချင်ပြည်နယ်မန်စီမြို့နယ်မှ ကချင်လွတ်မြောက်ရေးတပ်မတော်၏တပ်စခန်းများအား မရပ်မနားထိုးစစ်ဆင်ခဲ့ကြသည်။ အစိုးရတပ်များသည် အရပ်သားများအား အကြမ်းဖက်မှုများကိုလည်းကျူးလွန်ခဲ့သည်။ ရွာသားများနှင့် IDP ၂၀၀၀ ကျော်ခန့်တို့ထွက်ပြေးခဲ့ကြရသည်။
- တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲများသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ပြည်ထောင်စုတပ်မတော်ဖွဲ့စည်းရန်တောင်းဆိုမှုကိုနေပြည်တော်မှပယ်ချမှုနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလက်နက်စွန့်ရန် အစိုးရမှအတင်းအကြပ်တွန်းအားပေးမှုတို့ကြောင့် ခရီးမရောက်နိုင်ပဲ တဝဲလည်လည်ဖြစ်နေရသည်။
- သမ္မတဦးသိန်းစိန်သည် နိုင်ငံရေးအကျဉ်းသား ၆၉ ဦးအားလွှတ်ပေးခဲ့သည်။ သို့သော်လည်း အနည်းဆုံးနိုင်ငံရေးအကျဉ်းသား ၆၀ ဦးခန့် အကျဉ်းထောင်များထဲတွင်ရှိနေဆဲဖြစ်ကာ ၂၅၆ ဦးမှာ ၎င်းတို့၏ နိုင်ငံရေးလှုပ်ရှားမှုများကြောင့် ရာဇဝတ်ပုဒ်မများဖြင့်တရားစွဲဆိုထားမှုများကိုရင်ဆိုင်နေကြရသည်။
- အစိုးရက တက်ကြွလှုပ်ရှားသူ ၇ ဦးအားငြိမ်းချမ်းစွာစုရုံးခြင်းနှင့်ဆန္ဒပြခြင်းဥပဒေအရလည်းကောင်း၊ ကချင်အရပ်သား ၄ ဦးအား မတရားအသင်းအက်ဥပဒေအရလည်းကောင်း ထောင်ဒါဏ်များချမှတ်ခဲ့သည်။
- UN အထွေထွေညီလာခံတတိယကော်မတီက ဆုံးဖြတ်ချက်တခုချမှတ်လိုက်ကာ ထိုဆုံးဖြတ်ချက်တွင် မြန်မာနိုင်ငံမှလူ့အခွင့်အရေးချိုးဖောက်မှုများအပေါ်စိုးရိမ်ပူပန်မှုကိုဖော်ပြထားပြီး ရိုဟင်ဂျာများအား နိုင်ငံသားအပြည့်အဝရရှိစေရန်အတွက် ညီမျှသောအခွင့်အရေးများပေးအပ်ပါရန် အစိုးရအားတောင်းဆိုထားပါသည်။
- ရခိုင်လူထုအချို့၏ ခြိမ်းခြောက်အကြပ်ကိုင်မှုများက အနည်းဆုံး INGO သုံးခုတို့အား ရခိုင်ပြည်နယ်တွင်လုပ်ဆောင်နေသော ၎င်းတို့၏ လူသားချင်းစာနာမှုဆိုင်ရာလုပ်ဆောင်မှုများကို ရပ်ဆိုင်းခြင်း သို့မဟုတ် လျှော့ချခြင်းများပြုလုပ်လာစေရန် ဖိအားပေးခဲ့ကြသည်။

ဤသတင်းလွှာတွင်

ပင်မသတင်း
၂ တပ်မတော်ထိုးစစ်များဆက်လက်ပြုလုပ်
၂ တနိုင်ငံလုံးအနှံ့အပစ်အခတ်ရပ်စဲရေးမရရှိ
မြန်မာနိုင်ငံပြည်တွင်းသတင်းများ
၃ လွှတ်တော်အစည်းအဝေးပြီးဆုံး
၃ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကြန့်ကြာနေ
၄ မုံရွာဆန္ဒပြမှုအားဖြိုခွဲ
၅ INGO များလုပ်ငန်းရပ်ဆိုင်း
၅ မြန်မာနိုင်ငံသည်မူးယစ်ဆေးဝါးထုတ်မှုအမြင့်ဆုံးနိုင်ငံအဖြစ်ဆက်လက်တည်ရှိနေ
၅ မြန်မာနိုင်ငံတွင်မြေမြှုပ်မိုင်းအသုံးပြုနေဆဲ
လူ့အခွင့်အရေး
၆ စိတ်ထင်သလိုထောင်ဒါဏ်ချမှတ်မှုများပိုများလာ
၆ နိုင်ငံရေးအကျဉ်းသားများလွှတ်ပေး
အိုးအိမ်မဲ့မှုဖယ်ရှားခံရမှုများ
၇ ရိုဟင်ဂျာများအစုလိုက်အပြုံလိုက်ဆက်လက်ထွက်ပြေးနေ
နိုင်ငံတကာ
၇ UNGA ကမြန်မာနိုင်ငံအတွက်ဆုံးဖြတ်ချက်ချမှတ်
၈ မြန်မာနိုင်ငံနှင့်အီးယူအစည်းအဝေးများ
၈ OIC ကိုယ်စားလှယ်အဖွဲ့မြန်မာနိုင်ငံသို့လာရောက်
စီးပွားရေး
၉ လျှပ်စစ်မီတာခတိုးမြှင့်ကောက်ခံမှုကိုရွှေ့ဆိုင်း
၉ ထားဝယ်အထူးစီးပွားရေးဇုံနောက်ဆုံးသတင်း
၉ မြန်မာနိုင်ငံဆိုင်ရာအခြားသတင်းများ
၁၁ အစီရင်ခံစာများ

- အစိုးရက မုံရွာကြေးနီမိုင်းအားဆန့်ကျင်ဆန္ဒပြသူများအပေါ် အကြမ်းဖက် တိုက်ခိုက်မှုများကိုဆက်လက်ပြုလုပ်ခဲ့ကာ ၇ ဦးအား ဒါဏ်ရာရရှိစေခဲ့ပြီး ၃ ဦးအားထိန်းသိမ်းခဲ့ကြသည်။
- UNODC ၏အစီရင်ခံစာက မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် မက်သာဖီတမင်းထုတ်လုပ်ရာ မူလရင်းမြစ်ဖြစ်နေဆဲဖြစ်သည်ဟု ဖော်ပြခဲ့သည်။

P O BOX 296, LARDPRAO POST OFFICE, BANGKOK 10310, THAILAND
TEL ▼ 081 850 9008 ▼ [6681] 850 9008 EMAIL ▼ publications@altsean.org WEB ▼ www.altsean.org

- လမ်းပေါ်ဆန္ဒပြသူများနှင့် လွှတ်တော်အတွင်းမှအတိုက်အခံများက လျှပ်စစ်မီတာခတိုးမြင့်ကောက်ခံရန်စီစဉ်ထားမှုကို ၂၀၁၄-၁၅ ဘဏ္ဍာရေးနှစ်အထိဆိုင်းငံ့ထားရန် အစိုးရအားဖိအားပေးခဲ့ကြသည်။

ပင်မသတင်း

တပ်မတော်၏ထိုးစစ်များဆက်လက်ပြုလုပ် - အရပ်သားများအားပစ်မှတ်ထားဆဲ

အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများအကြား တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးနှင့်ပတ်သက်သည့် ဆွေးနွေးပွဲများဆက်လက်ပြုလုပ်နေကြသော်လည်း [အောက်မှ *တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်မရရှိပဲဆွေးနွေးပွဲများပြီးဆုံးသွား* တွင်ကြည့်ပါ။] တပ်မတော်၏ ကချင်ပြည်နယ်တောင်ပိုင်းမန်စီမြို့နယ်မှ ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) တပ်စခန်းများကို ထိုးစစ်ဆင်တိုက်ခိုက်မှုများမှာမူ လျော့နည်းသွားခြင်းမရှိသေးပေ။ နိုဝင်ဘာလ ၆ ရက်မှ ၂၃ ရက်အတွင်းတွင် နေ့စဉ်လိုလိုတိုက်ပွဲများဖြစ်ပွားခဲ့သည်။ မန်စီမြို့နယ်မှ ကျေးရွာ ၇ ခုတို့တွင် တိုက်ပွဲများဖြစ်ပွားခဲ့သည်ဟု သတင်းများရရှိခဲ့သည်။ နိုဝင်ဘာလ ၁၆ ရက်နေ့တွင် မန်စီမြို့နယ်နမ်လင်းပါကျေးရွာ၌ အစိုးရတပ်များတပ်စွဲထားခဲ့ကာ ကျောင်းသား ၃၀၀ ခန့်တို့အား သူတို့၏ကျောင်းမှပြန်၍မရအောင်တားဆီးထားခဲ့ကြသည်။ နိုဝင်ဘာလ ၁၆-၁၇ တွင် နမ်လင်းပါကျေးရွာမှ ရွာသားနှင့် IDP ၂၀၀၀ ကျော်တို့သည် သူတို့ကျေးရွာထဲနှင့်ရွာအနီးတဝိုက်တွင်ဖြစ်ပွားနေသောတိုက်ပွဲများမှလွတ်မြောက်နိုင်ရန် ထွက်ပြေးခဲ့ကြသည်။

ကချင်ပြည်နယ်တောင်ပိုင်းနှင့်ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် အစိုးရတပ်များသည်အရပ်သားများအားဆက်လက်ပစ်မှတ်ထားနေဆဲဖြစ်သည်။

- **နိုဝင်ဘာ ၇** - ကချင်ပြည်နယ်မန်စီမြို့နယ်ဂေါင်ရမ်ကျေးရွာတွင် အစိုးရတပ်များ၏လက်နက်ကြီးများဖြင့်ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ၁၀ နှစ်အရွယ်ခလေးတဦးသေဆုံးခဲ့သည်။
- **နိုဝင်ဘာ ၈** - ကချင်ပြည်နယ်မန်စီမြို့နယ်နမ်ဂေါ်ကျေးရွာတွင် အစိုးရတပ်မှစစ်သားများက ၅၄ နှစ်အရွယ်ကချင်အမျိုးသားတဦးအား ဖမ်းဆီးနှိပ်စက်ခဲ့သည်။
- **နိုဝင်ဘာ ၁၁** - ရှမ်းပြည်နယ်မြောက်ပိုင်းဆန်ဝီမြို့နယ်ခလွန်ကျေးရွာတွင် အစိုးရတပ်မှစစ်သားများက အသက် ၈ နှစ်အရွယ်မိန်းကလေးတဦးအား မုဒိမ်းကျင့်ခဲ့ကြသည်။
- **နိုဝင်ဘာ ၁၄** - ကချင်ပြည်နယ်မန်စီမြို့နယ်မန်ဒင်ပတွင် အစိုးရတပ်များက အသက် ၄၀ အရွယ်ကချင်အမျိုးသားတဦးအားပစ်သတ်ခဲ့ကြသည်။

တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်မရရှိပဲဆွေးနွေးပွဲများပြီးဆုံးသွား

နိုဝင်ဘာလထဲတွင် အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများ၏ တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးနှင့်ပတ်သက်သည့် ဆွေးနွေးပွဲများသည်သဘောတူညီချက်မရရှိပဲပြီးဆုံးသွားခဲ့သည်။ နိုဝင်ဘာလ ၄ - ၅ ရက်တို့တွင် သမ္မတရုံးဝန်ကြီးဦးအောင်မင်းဦးဆောင်သော အစိုးရကိုယ်စားလှယ်အဖွဲ့နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၇ ခုတို့မှ ကိုယ်စားလှယ်များ ကချင်ပြည်နယ်မြစ်ကြီးနားမြို့၌တွေ့ဆုံခဲ့ကြသည်။ UN အထွေထွေအတွင်းရေးမှူးချုပ်၏မြန်မာနိုင်ငံဆိုင်ရာအထူးအကြံပေးဗီဂျေးနမ်ဗီးယားနှင့် အာရှရေးရာတရုတ်အထူးသံတမန်ဝမ်ယင်ဖန်း Wang Yingfan တို့ထိုဆွေးနွေးပွဲတွင်လေ့လာသူများအဖြစ်တက်ရောက်ခဲ့ကြသည်။ ဆွေးနွေးပွဲများသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ မြန်မာနိုင်ငံတွင်ပြည်ထောင်စုတပ်မတော်ဖွဲ့စည်းရန်တောင်းဆိုမှုကို နေပြည်တော်မှပယ်ချမှုနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလက်နက်စွန့်ရန် အစိုးရမှအတင်းအကြပ်တွန်းအားပေးမှုတို့ကြောင့် ခရီးမရောက်နိုင်ပဲ တဝဲလည်လည်ဖြစ် နေရသည်။ ဘက်နှစ်ဘက်တို့သည် တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးအဆိုပြုလွှာမူကြမ်းများကို အပြန်အလှန်လဲလှယ်ခဲ့ကြကာ ဒီဇင်ဘာလတွင်ကရင်ပြည်နယ်ဖားအံမြို့၌ နောက်ထပ်ဆွေးနွေးပွဲပြုလုပ်ရန်သဘောတူခဲ့ကြသည်။

နိုဝင်ဘာလ ၁၉ ရက်တွင် တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများလက်နက်စွန့်ရန်လိုအပ်သော အချက်များပါဝင်သည့် အစိုးရ၏တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးမူကြမ်းကို မွန်ပြည်သစ်ပါတီ (MNSP) မှပယ်ချလိုက်ကြောင်း ပြောကြားခဲ့သည်။

မြန်မာနိုင်ငံပြည်တွင်းသတင်းများ

လွှတ်တော်အစည်းအဝေးပြီးဆုံး

နိုဝင်ဘာလ ၁၅ ရက်နေ့တွင် လွှတ်တော်၏အဋ္ဌမအကြိမ်မြောက်အစည်းအဝေး ပြီးဆုံးခဲ့သည်။ နိုဝင်ဘာလအတွက် အရေးကြီးသောဖြစ်ထွန်းတိုးတက်မှုများမှာအောက်ပါအတိုင်းဖြစ်ပါသည်။

- **နိုဝင်ဘာ ၄** - ပြည်သူ့လွှတ်တော်မှ မီဒီယာဥပဒေကိုအတည်ပြုလိုက်သည်။ မြန်မာ့ယာယီစာနယ်ဇင်းကောင်စီမှ ရေးဆွဲသော ဥပဒေတွင်မီဒီယာသမားများအတွက်အခွင့်အရေးများနှင့်တာဝန်ရှိမှုများကို ပြဌာန်းထားသည်။ ဥပဒေကြမ်းသည် ယခုအခါ ဆွေးနွေးရန်အတွက်အမျိုးသားလွှတ်တော်သို့ရောက်ရှိသွားပြီဖြစ်သည်။
- **နိုဝင်ဘာ ၅** - ပြည်သူ့လွှတ်တော်၏ပြည်သူ့ရေးရာကြီးကြပ်ရေးကော်မတီမှ အသင်းအဖွဲ့ဆိုင်ရာဥပဒေကြမ်းကိုတင်ပြခဲ့သည်။ အစိုးရ၏ပြည်ထဲရေးဝန်ကြီးဌာနမှရေးဆွဲခဲ့သည့် ယခင်ဥပဒေကြမ်းနေရာတွင်အစားထိုးရေးဆွဲထားသည် ဥပဒေကြမ်းအသစ်တွင် လွှတ်တော်အမတ်များနှင့်အကြိမ်ကြိမ်ဆွေးနွေးထားမှုများအတွင်း လူထုအဖွဲ့အစည်းများမှတင်ပြထားသောအကြံပြုချက်များကိုပါ ထည့်သွင်းပေါင်းစပ်ထားသည်။ [*၂၀၁၃ခုအောက်တိုဘာလသတင်းလွှာ* တွင်ကြည့်ပါ။]
- **နိုဝင်ဘာ ၁၁** - ပြည်သူ့လွှတ်တော်က ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးဥပဒေကြမ်းအား ပြင်ဆင်မှုတော်တော်များများကိုအတည်ပြုပေးခဲ့သည်။ မှတ်ပုံတင်ထားခြင်းမရှိပဲ စာအုပ်ထုတ်ဝေနေကြောင်းတွေ့ရှိရသူများအတွက် အပစ်ဒါဏ်များကိုလျှော့ချကာ ထောင်ဒါဏ်အပစ်ပေးခြင်းကိုဖယ်ရှားပစ်ရန်လွှတ်တော်ကိုယ်စားလှယ်များမှ သဘောတူခဲ့ကြသည်။ ယခုအခါ ငွေဒါဏ်မှာ ၁၀၀၀၀၀ မှ ၃၀၀၀၀၀ ကျပ် (အမေရိကန်ဒေါ်လာ ၁၀၂ - ၃၀၆) အထိဖြစ်မည်ဖြစ်သည်။ လွှတ်တော်ကိုယ်စားလှယ်များက ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကိုဝေဖန်ခြင်းအားတားမြစ်ထားသည့် စာပိုဒ်ကိုလည်းဖယ်ထုတ်ပစ်ခဲ့ကြသည်။ သို့သော်လည်း ဘာသာရေးကိုစော်ကားသော၊ တရားဥပဒေစိုးမိုးရေးကိုထိခိုက်စေသော သို့မဟုတ် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက်အန္တရာယ်ရှိသောအရာများကို ပုံနှိပ်ထုတ်ဝေခြင်းကိုမူတားမြစ်ထားဆဲဖြစ်ပါသည်။ ထိုဥပဒေကြမ်းသည်အမျိုးသားလွှတ်တော်တွင် ဆွေးနွေးရန်အတွက်ရောက်ရှိနေပြီဖြစ်ပါသည်။
- **နိုဝင်ဘာ ၁၃** - USDP မှပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကိုကငြိမ်းချမ်းစွာစုရုံးခြင်းနှင့်ဆန္ဒထုတ်ဖော်ပြသခြင်းဥပဒေကိုပြင်ဆင်ရန် မူကြမ်းကိုတင်ပြခဲ့သည်။ ထိုမူကြမ်းသည် အတည်ပြုခံရပါက အာဏာပိုင်များထံမှကြိုတင်ခွင့်ပြုချက်မယူပဲ ဆန္ဒပြသူများကိုထောင်ဒါဏ်တနှစ်အထိချမှတ်အပစ်ပေးနိုင်သည်ဟု ဖော်ပြထားသောပုဒ်မ ၁၈ ကို ဖယ်ရှားပစ်မည်ဖြစ်သည်။ လွှတ်တော်တွင်းဆွေးနွေးငြင်းခုန်မှုများအတွင်း အစိုးရပြည်ထဲရေးဒုဝန်ကြီးဗိုလ်ချုပ်ကျော်ကျော်ထွန်းက လွှတ်တော်ကိုယ်စားလှယ်များမှဥပဒေကို မပြင်ဆင်သင့်ကြောင်းရပ်ခံပြောကြားသွားခဲ့ကာ သို့မှသာ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကိုမချိုးဖောက်ခြင်းဖြစ်သည်ဟု သူကအခိုင်အမာဆိုခဲ့သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးလုပ်ငန်းစဉ်ကြန့်ကြာနေ

နိုဝင်ဘာလ ၇ ရက်နေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြန်လည်သုံးသပ်ရေးကော်မတီက ၎င်းတို့၏နောက်ဆုံးအစီရင်ခံစာထုတ်ပြန်မည့်ရက်ကို ဒီဇင်ဘာလ ၃၁ ရက်မှဇန်နဝါရီလ ၃၁ ရက်သို့တိုးမြှင့်လိုက်သည်။ အဖွဲ့ဝင် ၁၀၉ ဦးပါဝင်သောလွှတ်တော်ကော်မတီက ဥပဒေပြင်ဆင်ရေးအပေါ်ပေးအပ်နိုင်သည့်အကြံပြုချက်များအားလက်ခံမည့် နောက်ဆုံးရက်ကိုလည်း နိုဝင်ဘာလ ၁၅ ရက်မှဒီဇင်ဘာလ ၃၁ ရက်အထိတိုးမြှင့်ပေးခဲ့သည်။ နိုဝင်ဘာလ ၂၄ ရက်အထိတွင် ပြည်သူများထံမှ အခြေခံဥပဒေပြင်ဆင်ရေးအတွက် အကြံပြုချက်ပေါင်း ၃၂၂ ခုကော်မတီမှလက်ခံရရှိထားပြီးဖြစ်သည်ဟု သတင်းရရှိသည်။

တချိန်တည်းတွင်ပင် ဖွဲ့စည်းပုံပြင်ဆင်ရေးနှင့်ပတ်သက်၍ NLD မှဦးဆောင်ကျင်းပသည့် လူထုညှိနှိုင်းစည်းဝေးပွဲအချို့အား အစိုးရမှကန့်သတ်မှုများပြုလုပ်ခဲ့သည်။

- **နိုဝင်ဘာ ၇** - မွန်ပြည်နယ်ရှိမြို့နယ်တော်တော်များများတို့တွင် လူထုညှိနှိုင်းစည်းဝေးပွဲများပြုလုပ်ရန် NLD ၏ပန်ကြားမှုများကို အစိုးရအာဏာပိုင်များနှင့်ရွေးကောက်ပွဲကော်မရှင်အရာရှိများမှ ငြင်းပယ်ခဲ့ကြသည်ဟုသတင်းများရရှိခဲ့သည်။
- **နိုဝင်ဘာ ၁၄** - ကျင်းပမည့်နေရာသည်ရုံးများ၊ကျောင်းများနှင့်နီးကပ်သည့်အတွက်ဟုဆိုကာ နိုဝင်ဘာလ ၁၈ ရက်နေ့တွင်ကျင်းပရန်စီစဉ်ထားသော NLD မှပြုလုပ်မည့်ဖွဲ့စည်းပုံပြင်ဆင်ရေးလှုပ်ရှားမှုများအား ခွင့်ပြုချက်ပေးရန်အတွက်အစပိုင်းတွင် နေပြည်တော်ဇဗ္ဗူသီရိမြို့နယ်မှရဲများကငြင်းပယ်ခဲ့ကြသည်။ သို့သော်လည်း NLD နှင့်နောက်ပိုင်းညှိနှိုင်းမှုများအရ ဒေသခံအစိုးရအာဏာပိုင်များမှထိုပွဲကိုဆက်လက်ပြုလုပ်ရန်ခွင့်ပြုခဲ့သည်။

နိုဝင်ဘာလ ၂၃ ရက်နေ့တွင် NLD မှကြေငြာချက်တစောင်ထုတ်ပြန်လိုက်ကာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းနှင့်ပတ်သက်၍ NLD၊ အုပ်ချုပ်ရေးပိုင်း (အစိုးရ)၊ လွှတ်တော်နှင့်တပ်မတော်တို့အကြား တွေ့ဆုံဆွေးနွေးပါရန်တောင်းဆိုလိုက်သည်။ သို့သော်လည်း နိုဝင်ဘာလ ၂၇ ရက်နေ့တွင် သမ္မတဦးသိန်းစိန်၏ပြောရေးဆိုခွင့်ရှိသူဦးရဲထွတ်က NLD ၏ လေးပွင့်ဆိုင်ဆွေးနွေးပွဲပြုလုပ်ရန်တောင်းဆိုချက်ကို ဦးသိန်းစိန်နှင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့မှ လက်မခံခဲ့ပါဟုပြောကြားလိုက်သည်။

မိုင်းဆန့်ကျင်ဆန္ဒပြသူများအား ရဲမှထပ်မံဖြိုခွဲ

နိုဝင်ဘာလတွင် စစ်ကိုင်းတိုင်းဆားလင်းကြီးမြို့နယ်မှမုံရွာကြေးနီမိုင်းအားဆန့်ကျင်ဆန္ဒပြမှုများ ဆက်လက်ဖြစ်ပွားခဲ့သည်။ ယခုတခါလည်း အစိုးရမှဆန္ဒပြသူများအားထပ်မံ၍အကြမ်းဖက်ဖြိုခွဲခဲ့ပြန်သည်။

- **နိုဝင်ဘာ ၂** - ဒေသခံများ၊တက်ကြွလှုပ်ရှားသူများနှင့်ဗုဒ္ဓဘာသာဘုန်းတော်ကြီးများအပါအဝင် လူ ၁၅၀ ခန့်တို့သည် မုံရွာကြေးနီမိုင်းအနီးတွင်သပိတ်စခန်းတခုဖွင့်လှစ်ခဲ့ကြသည်။ ဆန္ဒပြသူများကသူတို့အား အာဏာပိုင်များမှ လက်ပံတောင်းတောင်တန်းပေါ်ရှိ သမိုင်းဝင်ဗုဒ္ဓဘာသာဘုရားကျောင်းအား စစ်ဆေးခွင့်ပြုပါရန်တောင်းဆိုခဲ့ကြသည်။ အောက်တိုဘာလ ၃၁ ရက်နေ့က မိုင်းဖောက်ခွဲမှုများကြောင့် ဘုရားကျောင်းအားထိခိုက်ပျက်စီးမှုများရှိခဲ့သည်ဟု ဆန္ဒပြသူများကယုံကြည်နေကြသည်။
- **နိုဝင်ဘာ ၁၂** - အစိုးရအာဏာပိုင်များက မုံရွာကြေးနီမိုင်းအနီးမှဆန္ဒပြရာနေရာသို့ အထိကရုဏ်းနှိမ်နင်းရေးရဲအရာရှိ ၁၀၀ ခန့်ကိုစေလွှတ်ခဲ့ကာ ဆန္ဒပြသူများအားလည်းလူစုခွဲ၍ပြန်ကြရန်အမိန့်ပေးခဲ့သည်။ ဆန္ဒပြသူများအားထောက်ပံ့ကူညီမှုများကို ဖြတ်တောက်နိုင်ရန်ကြိုးပမ်းသည့်အနေဖြင့် ဆန္ဒပြသည့်နေရာသို့သွားသည့်လမ်းကို ရဲများကအတားအဆီးများဖြင့် ပိတ်ဆို့လိုက်ကြသည်။
- **နိုဝင်ဘာ ၁၄** - မုံရွာကြေးနီမိုင်းအနီးမှ ဆန္ဒပြသူများ၏သပိတ်စခန်းများသို့ သွားရောက်ပူးပေါင်းခြင်းမှကာကွယ်တားဆီးနိုင်ရန်အတွက် စစ်ကိုင်းတိုင်း၊ဆားလင်းကြီးမြို့နယ်၊မိုးကြိုးပြင်ကျေးရွာတွင်ရဲများက ဒေသခံများအားရာဘာကျည်များဖြင့်ပစ်ခတ်ခဲ့ကြသည်။ ထိုဖြိုခွဲမှုအတွင်းတွင် အနည်းဆုံးရွာသား ၇ ဦးဒါဏ်ရာရရှိခဲ့ကြသည်။ ရဲများကရွာသား ၃ ဦးအားဖမ်းဆီးခဲ့ကြပြီး သတင်းထောက် ၂ ဦးအားလည်း ဖြိုခွဲမှုကိုရိုက်ထားသည့်ဓါတ်ပုံများအား သူတို့၏ကင်မရာများမှဖျက်ဆီးပစ်ရန်အတင်းအကြပ်ခိုင်းစေခဲ့ကြသည်။
- **နိုဝင်ဘာ ၁၅** - စစ်ကိုင်းတိုင်း၊ဆားလင်းကြီးမြို့နယ် ဆည်တည်းနှင့်မိုးကြိုးပြင်ကျေးရွာမှရွာသားရာပေါင်းများစွာတို့သည် သူတို့ဒေသအတွင်း ရဲများမှလမ်းများအားပိတ်ဆို့ထားသည့် အတားအဆီးများကိုဖယ်ရှားပေးပါရန် တောင်းဆိုဆန္ဒပြခဲ့ကြသည်။
- **နိုဝင်ဘာ ၁၇** - စစ်ကိုင်းတိုင်း၊ဆားလင်းကြီးမြို့နယ်မှ တက်ကြွလှုပ်ရှားသူများ၊ဒေသခံရွာသားများနှင့်ဗုဒ္ဓဘာသာဘုန်းတော်ကြီးများပါဝင်သောအုပ်စုတခုက ရဲများမှ မိုင်းစီမံကိန်းဆန့်ကျင်ဆန္ဒပြသူများအား အကြမ်းဖက်ဖြိုခွဲခြင်းများကိုရပ်တန့်ကာ ဒေသတွင်းမှထွက်ခွါသွားပါရန်တောင်းဆိုခဲ့ကြသည်။

ဆက်လက်ဖြစ်ပေါ်နေသောရန်လိုခြိမ်းခြောက်မှုများကြောင့် INGO များမှလုပ်ငန်းများရပ်ဆိုင်း

နိုဝင်ဘာလတွင် ရခိုင်လူထုအချို့၏ခြိမ်းခြောက်အကြပ်ကိုင်မှုများက အနည်းဆုံး နိုင်ငံတကာအကူအညီပေးရေး အေဂျင်စီသုံးခုတို့အား ရခိုင်ပြည်နယ်တွင်လုပ်ဆောင်နေသော ၎င်းတို့၏လူသားချင်းစာနာမှုဆိုင်ရာလုပ်ဆောင်မှုများကို ရပ်ဆိုင်းခြင်း သို့မဟုတ် လျော့ချခြင်းများပြုလုပ်လာစေရန် ဖိအားပေးခဲ့ကြသည်။

- **နိုဝင်ဘာ ၇** - ပြည်နယ်အတွင်းလုပ်ကိုင်နေကြသော INGO များသည်ဘက်လိုက်မှုရှိသည်ဟုဆိုကာ နိုဝင်ဘာလ ၃ ရက်နေ့ကပြုလုပ်သောဆန္ဒကျင်ဆန္ဒပြမှုများကြောင့် "ကလေးများကိုကူညီပါ" (Save the Children) နှင့် "အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့" (International Committee of the Red Cross (ICRC)) တို့သည် ရခိုင်ပြည်နယ်ပေါက်တောမြို့နယ်မှယာယီထွက်ခွါသွားခဲ့ကြသည်ဟု သတင်းရရှိသည်။
- **နိုဝင်ဘာ ၁၂** - နယ်စည်းမခြားဆရာဝန်များအဖွဲ့ (MSF) သည် နိုဝင်ဘာလ ၃ ရက်နေ့ဆန္ဒပြမှုများအပြီးတွင်ပေါက်တောမြို့နယ်မှ၎င်းတို့၏ရွှေ့ပြောင်းစက်လှေဆေးခန်းလုပ်ဆောင်မှုနှင့်ပတ်သက်သောလုပ်ငန်းများကိုရပ်တန့်လိုက်သည် ဟုသတင်းရရှိသည်။

နိုဝင်ဘာလ ၂၃ ရက်နေ့က မြန်မာနိုင်ငံအားလာရောက်သည့် ၅ ရက်တာခရီးစဉ်အပြီးတွင် ဥရောပကော်မရှင်လူသားချင်းစာနာမှုဆိုင်ရာအကူအညီနှင့်လူထုကာကွယ်ရေးဌာနကြီးရေးမှူးချုပ်ကလော့စ်ဆိုရမ်ဆန် Claus Sorensen ကရခိုင်ပြည်နယ်မှအစွန်းရောက်သူများ၏ အကူအညီပေးရေးဝန်ထမ်းများအား ပစ်မှတ်ထားခြိမ်းခြောက်နေမှုများအပေါ်စိုးရိမ်မိကြောင်း ပြောကြားလိုက်သည်။ ရခိုင်ပြည်နယ်ရှိ IDP ဒုက္ခသည်စခန်းများမှ ထင်ရှားမြင်သာသော "ပြဇာတ်ဆန်စွာပိတ်ပင်တားဆီးမှုများ"အား သူကရှုတ်ချပြောဆိုလိုက်ပြီး ထိုသို့သောအခြေအနေများအတွက် ခေတ်ပေါ်လူထုအဖွဲ့အစည်းတွင် နေရာမရှိပါဟုပြောကြားလိုက်သည်။

မြန်မာနိုင်ငံသည်အရှေ့တောင်အာရှတွင်မီသာဖီတမင်းထုတ်မှုအမြင့်ဆုံးနိုင်ငံအဖြစ်ဆက်လက်တည်ရှိနေ

နိုဝင်ဘာလ ၈ ရက်နေ့တွင် မူးယစ်ဆေးဝါးနှင့်ရာဇဝတ်မှုများဆိုင်ရာ UN ရုံး (UNODC) က "အက်ဖီတမင်းပုံစံစိတ်ကြွဆေးနှင့်အခြားမူးယစ်ဆေးဝါးများ၏ပုံသဏ္ဍာန်နှင့်လားရာလမ်းကြောင်းများ-အာရှနှင့်ပစိဖိတ်အတွက်စိန်ခေါ်မှုများ" အမည်ရှိအစီရင်ခံစာတစောင်ကိုထုတ်ပြန်ခဲ့သည်။ အစီရင်ခံစာတွင် မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး ၂၀၁၂ ခုနှစ်တွင်တွေ့ရှိရမှုများမှာအောက်ပါအတိုင်းဖြစ်ပါသည်။

- မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင်မီသာဖီတမင်းဆေးထုတ်လုပ်ရာအဓိကပင်ရင်းတခုအဖြစ် တည်ရှိနေဆဲဖြစ်ပါသည်။
- မြန်မာနိုင်ငံတွင်မက်သာဖီတမင်းသုံးစွဲမှုသည် ရှစ်နှစ်မြောက်ဆက်တိုက်မြင့်တက်လာခဲ့သည်။
- မြန်မာနိုင်ငံတွင်ထုတ်လုပ်သော မီသာဖီတမင်းဆေးဝါး၏ သိသာများပြားသောပမာဏတို့သည် တရုတ်၊ထိုင်းနိုင်ငံ၊ လာအိုနှင့်ဗီယက်နမ်တို့အပါအဝင် ဒေသတွင်းအိမ်နီးခြင်းနိုင်ငံများသို့ဆက်လက်ကူးသန်းရောင်းချနေဆဲဖြစ်ပါသည်။
- တရုတ်နိုင်ငံတွင်ဖမ်းဆီးရမိသော မက်သာဖီတမင်းဆေးဝါးများ၏ ၉၀% ကျော်နှင့်ထိုင်းနိုင်ငံတွင်ဖမ်းဆီးရမိသောမက်သာဖီတမင်း အတုံးအခဲများ၏ ၈၀-၉၀ %ခန့်တို့သည် မြန်မာပြည်မှစတင်ရောက်ရှိလာခြင်းဖြစ်ပါသည်။

တပ်မတော်ရေတိုင်းရင်းသားလက်နက်ကိုင်အုပ်စုများပါမြေမြုပ်မိုင်းဆက်လက်သုံးစွဲနေဆဲ

နိုဝင်ဘာလ ၂၈ ရက်နေ့တွင် မြေမြုပ်မိုင်းတားဆီးရေးနိုင်ငံတကာလှုပ်ရှားမှု (ICBL) မှ "မြေမြုပ်မိုင်းစောင့်ကြည့်ရေး ၂၀၁၃ ခု" အမည်ရှိအစီရင်ခံစာတစောင်ကိုထုတ်ပြန်ခဲ့ပါသည်။ အစီရင်ခံစာတွင်မြန်မာနိုင်ငံနှင့်ပတ်သက်၍ အောက်ပါအတိုင်းဖော်ပြထားသည်ကိုတွေ့ရပါသည်။

- ၂၀၁၂ခုနှင့်၂၀၁၃ခုတွင် တပ်မတော်ရေတိုင်းရင်းသားလက်နက်ကိုင်အုပ်စုများပါ 'လူနင်းမိုင်း' (လူသားများကိုပစ်မှတ်ထားသည့်မြေမြုပ်နင်းမိုင်း) များကိုဆက်လက်သုံးစွဲနေဆဲဖြစ်သည်။

• ၂၀၁၂ခုတွင် မြေမြုပ်မိုင်းကြောင့်သေဆုံးထိခိုက်မှု ၁၀၆ ခုရှိခဲ့သည်ဟုသတင်းများရရှိခဲ့ကာ ၂၀၁၁ခုနှစ်ကမှတ်တမ်းတင်ထားသော ၃၈၁ ခုမှဆိုလျှင် ၇၂ %လျော့ကျသွားသည်ဟုဆိုနိုင်သော်လည်း ကမ္ဘာပေါ်တွင်နံပါတ် ၈ အမြင့်မားဆုံးနေရာတွင်ရှိနေဆဲဖြစ်ပါသည်။

လူ့အခွင့်အရေး

နောက်ထပ်ကျိုးကြောင်းမဲ့စိတ်ထင်သလိုထောင်ဒဏ်ချမှတ်မှုများ

နိုဝင်ဘာလတွင် အစိုးရကတက်ကြွလှုပ်ရှားသူ ၇ ဦးအားငြိမ်းချမ်းစွာစုရုံးခြင်းနှင့် ဆန္ဒပြခြင်းဥပဒေအရလည်းကောင်း၊ ကချင်အရပ်သား ၄ ဦးအား မတရားအသင်းအက်ဥပဒေအရလည်းကောင်း ထောင်ဒဏ်များ ချမှတ်ခဲ့သည်။

- **နိုဝင်ဘာ ၁၅** - ကချင်ပြည်နယ်မြစ်ကြီးနားမြို့မှတရားရုံးတခုက ကချင်အမျိုးသားလေးဦးအားမတရားအသင်းအက်ဥပဒေဖြင့်ထောင်ဒဏ် ၂ နှစ်စီချမှတ်လိုက်သည်။ ထိုလေးဦးသည် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) နှင့်ဆက်သွယ်မှုရှိသည်ဟုဆိုသောစွပ်စွဲချက်ဖြင့် ၂၀၁၂ခုနှစ်ဇွန်လက အစိုးရအာဏာပိုင်များမှဖမ်းဆီးလိုက်သော IDP ခြောက်ဦးအုပ်စုထဲမှဖြစ်ပါသည်။
- **နိုဝင်ဘာ ၁၉** - ရန်ကုန်မြို့ ကျောက်တံတားနှင့်ပန်းဘဲတန်းမြို့နယ်တရားရုံးများက တက်ကြွလှုပ်ရှားသူကိုထင်ကျော်အား ငြိမ်းချမ်းစွာစုရုံးခြင်းနှင့်ဆန္ဒပြခြင်းဥပဒေအရ စုစုပေါင်းထောင်ဒဏ် ၉ လချမှတ်ခဲ့သည်။ ၂၀၁၂ခုဒီဇင်ဘာလက ရန်ကုန်မြို့တွင် ငြိမ်းချမ်းစွာစုရုံးခြင်းနှင့်ဆန္ဒပြခြင်းဥပဒေအား ဆန့်ကျင်၍ပြုလုပ်သောဆန္ဒပြပွဲတွင်ပါဝင်ခဲ့မှုအတွက် တရားရုံးနှစ်ခုလုံးက သူ့အားထောင်ဒဏ်သုံးလစီချမှတ်ခဲ့သည်။ ထို့အပြင် မုံရွာကြေးနီမိုင်းအားဆန့်ကျင်ဆန္ဒပြခဲ့မှုတွင်ပါဝင်ခဲ့၍ဟုဆိုကာ ပန်းဘဲတန်းမြို့နယ်တရားရုံးက ကိုထင်ကျော်အားနောက်ထပ်ထောင်ဒဏ် ၃ လချမှတ်ခဲ့သည်။
- **နိုဝင်ဘာ ၂၁** - ရန်ကုန်မြို့ကြည့်မြင်တိုင်မြို့နယ်တရားရုံးမှ တက်ကြွလှုပ်ရှားသူကိုမိုးသွေး၊ကိုဒီငြိမ်းလင်း၊ကိုအောင်မျိုးဦး၊ကိုမြင့်ကျော်ဦး၊ကိုစိုးမိုးထွန်းနှင့်မသဉ္ဇာတို့အား ငြိမ်းချမ်းစွာစုရုံးခြင်းနှင့်ဆန္ဒပြခြင်းဥပဒေအရ ထောင်ဒဏ်တလစီချမှတ်ခဲ့သည်။ မုံရွာကြေးနီမိုင်းမှငြိမ်းချမ်းစွာဆန္ဒပြနေကြသူများအား ဖြိုခွဲခဲ့မှုကိုဆန့်ကျင်ကာ ရန်ကုန်မြို့၌ ၂၀၁၂ ခု ဒီဇင်ဘာလတွင် ဆန္ဒပြခဲ့ကြခြင်းနှင့်ဆက်စပ်၍ ထိုခြောက်ဦးအားတရားရုံးမှထောင်ဒဏ်များချခဲ့ခြင်းဖြစ်ပါသည်။

ထို့အပြင် ငြိမ်းချမ်းစွာဆန္ဒပြခဲ့ကြသူများသည် အာဏာပိုင်များထံမှကြိုတင်ခွင့်ပြုချက်ရယူခဲ့ခြင်းမရှိပဲ ဆန္ဒပြခဲ့ကြသည့်အတွက်ဟုဆိုကာ ငြိမ်းချမ်းစွာစုရုံးခြင်းနှင့်ဆန္ဒပြခြင်းဥပဒေအောက်မှ ရာဇဝတ်မှုပုဒ်မများဖြင့်စွဲဆိုထားခြင်းများကိုလည်း ဆက်လက်ရင်ဆိုင်နေကြရသည်။ နိုဝင်ဘာလ ၆ ရက်နေ့ကရန်ကုန်မြို့၌ လျှပ်စစ်မီတာခများ တိုးမြှင့်ကောက်ခံခြင်းအား ဆန့်ကျင်ဆန္ဒပြခဲ့ကြသည့် တက်ကြွလှုပ်ရှားသူ ၈ ဦးကိုအစိုးရအာဏာပိုင်များက နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ရန်ကုန်မြို့၌ တရားစွဲဆိုခဲ့ကြသည်ဟု သတင်းများရရှိခဲ့သည်။ [အောက်မှ *လျှပ်စစ်မီတာခတိုးမြှင့်ကောက်ခံမှုကိုရှေ့ဆိုင်း* တွင်ကြည့်ပါ။]

နိုင်ငံရေးအကျဉ်းသားများ - ၆၉ ယောက်လွတ်၊ အနည်းဆုံး ၆၀ ကျန်နေသေး

နိုဝင်ဘာလတွင် အစိုးရသည်၎င်း၏ နိုင်ငံရေးအကျဉ်းသားများအား နည်းဗျူဟာမြောက်အချိန်ကိုက်လွှတ်ပေးမှုကို ဆက်လက်ပြုလုပ်ခဲ့သည်။ နိုင်ငံရေးအကျဉ်းသားများအားနောက်ဆုံးလွှတ်ပေးမှုသည် ထင်ရှားသော EU ကိုယ်စားလှယ်အဖွဲ့၏ မြန်မာနိုင်ငံသို့လာရောက်လည်ပတ်မှုနှင့် တိုက်ဆိုင်နေပါသည်။ [အောက်မှ *EU နှင့်မြန်မာတို့ပိုမိုနီးကပ်သောစီးပွားရေးပူးပေါင်းဆောင်ရွက်မှုများအပေါ်အာရုံစိုက်လာကြ* တွင်ကြည့်ပါ။]

နိုဝင်ဘာလ ၁၅ ရက်နေ့တွင် သမ္မတဦးသိန်းစိန်သည် နိုင်ငံရေးအကျဉ်းသား ၆၉ ဦးအား လွတ်ငြိမ်းချမ်းသာခွင့်နှင့်လွှတ်ပေးရန် အမိန့်ပေးခဲ့သည်။ လွတ်မြောက်လာ သူများထဲတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှအဖွဲ့ဝင်များ၊ ငြိမ်းချမ်းစွာစုရုံး ခြင်းနှင့်ဆန္ဒပြခြင်းဥပဒေဖြင့် ထောင်ချခံခဲ့ရသောတက်ကြွလှုပ်ရှားသူ ၂ ဒါ ဇင်ခန့်၊ မတရားအသင်းအက်ဥပဒေဖြင့် ထောင်ဒဏ်ချခံခဲ့ရသော ရှမ်းပြည်နယ်နှင့်ကချင် ပြည်နယ်မှ အကျဉ်းသား ၁၅ ဦးနှင့်လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူဒေါ်

နော်အုံးလှတို့ပါဝင်ကြသည်။ သို့သော်လည်း ရိုဟင်ဂျာလူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူ ဦးကျော်လှအောင်နှင့်ဦးထွန်းအောင်တို့အပါအဝင် အနည်းဆုံး နိုင်ငံရေးအကျဉ်းသား ၆၀ ခန့်အကျဉ်းထောင်များထဲတွင်ကျန်ရှိနေသေးသည်။ ထို့အပြင် ၂၆၅ ဦးတို့မှာ သူတို့၏နိုင်ငံရေးလှုပ်ရှားမှုများအပေါ် ရာဇဝတ်ပုဒ်မများဖြင့် တရားစွဲဆိုထားခြင်းများကို ရင်ဆိုင်နေကြရသည်။

ဦးသိန်းစိန်၏အကျဉ်းသားလွှတ်ပေးမှုများ		
နေ့စွဲ	အကျဉ်းသားပေါင်း	နိုင်ငံရေးအကျဉ်းသား
16 May 11	14,578	58
12 Oct 11	6,359	240
4 Jan 12	6,656	36
13 Jan 12	651	302
3 Jul 12	80	25
17 Sep 12	514	88
15 Nov 12	452	0
16 Nov 12	66	51
23 Apr 13	93	59
17 May 13	23	19
23 Jul 13	73	73
8 Oct 13	56	56
15 Nov 13	69	69
Total	**29,670**	**1,076**

သတင်းရင်းမြစ်: NLM; AAPP

အိုးအိမ်မှဖယ်ရှားခံရခြင်းများ

ရိုဟင်ဂျာများအစုလိုက်အပြုံလိုက်ဆက်လက်ထွက်ပြေးနေ

နိုဝင်ဘာလတွင် ရိုဟင်ဂျာများသည်မြန်မာနိုင်ငံ၏ ဒေသတွင်းအိမ်နီးချင်းနိုင်ငံများသို့ ဆက်လက်ထွက်ပြေးနေကြသည်။

- **နိုဝင်ဘာ ၃** - ဘင်္ဂလားဒေ့ရှ်သို့သွားရန် အနည်းဆုံးရိုဟင်ဂျာ ၇၀ ဦးအားတင်ဆောင်လာသည့်လှေတစီးသည် ရခိုင် ပြည်နယ်ကမ်းလွန် ဘင်္ဂလားပင်လယ်အော်ထဲတွင်နစ်မြုပ်ခဲ့ရာ အမြောက်အများရေနစ်သေဆုံးမည်ဟုစိုးရိမ်နေရပြီး ၈ ဦးသာအသက်ရှင်ကျန်ရစ်ကြောင်း သတင်းများရရှိသည်။
- **နိုဝင်ဘာ ၁၀** - ခန့်မှန်းခြေရိုဟင်ဂျာ ၂၀၀ ဦးအားတင်ဆောင်လာသောလှေ ၃ စီးသည် ရခိုင်ပြည်နယ်ပေါက်တောမှ ဘင်္ဂလားဒေ့ရှ်သို့ထွက်ခွါသွားသည်။
- **နိုဝင်ဘာ ၁၇** - အင်ဒိုနီးရှားအာဏာပိုင်များသည် သြစတေးလျနိုင်ငံသို့လှေဖြင့်သွားရောက်ရန် ကြိုးပမ်းလုပ်ဆောင်နေကြသည့် ရိုဟင်ဂျာ ၁၀၆ ဦးအား အနောက်ဂျားဗားခရိုင်တွင် ဖမ်းဆီးလိုက်သည်။

အောက်တိုဘာ-နိုဝင်ဘာ မှ မတ်-ဧပြီ ရွက်လွှင့်ရာသီအတွင်း အချိန်မရွေးနစ်မြုပ်သွားနိုင်သောလှေများဖြင့် အသက်အန္တရာယ်ကိုမငဲ့ပဲ ရခိုင်ပြည်နယ်မှထွက်ပြေးနေကြသော ရိုဟင်ဂျာထောင်ပေါင်းများစွာတို့အတွက် စိုးရိမ်ပူပန်မိကြောင်းကို UN ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) က နိုဝင်ဘာလ ၁ ရက်နေ့တွင် ထုတ်ဖော်ပြောကြားလိုက်သည်။

နိုင်ငံတကာဆက်ဆံရေး

UNGA ကမြန်မာနိုင်ငံအတွက်ဆုံးဖြတ်ချက်ချမှတ်

နိုဝင်ဘာလ ၁၉ ရက်နေ့တွင် UN အထွေထွေညီလာခံတတိယကော်မတီက မြန်မာနိုင်ငံမှလူ့အခွင့်အရေးအခြေအနေနှင့် ပတ်သက်၍ဆုံးဖြတ်ချက်တခုကို အားလုံးသဘောတူညီမှုဖြင့်ချမှတ်ခဲ့သည်။ ထိုဆုံးဖြတ်ချက်တွင် တက်ကြွလှုပ်ရှားသူများနှင့်လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအား စိတ်ထင်သလိုကျူးကြောင်းမဲ့ဖမ်းဆီးနေမှုများ၊ အတင်းအကြပ်အိုးအိမ်မှဖယ်ရှားနေမှုများ၊ မြေယာသိမ်းယူမှုများ၊ အဓမ္မပြုကျင့်မှုများနှင့်အခြားလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုပုံစံများ၊ ညှင်းပန်းနှိပ်စက်မှုများအပါအဝင် မြန်မာနိုင်ငံမှလူ့ အခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုကိုဖော်ပြထားသည်။ ထို့အပြင် ထိုဆုံးဖြတ်ချက်က ရခိုင်ပြည်နယ်မှရိုဟင်ဂျာများ၏အခြေအနေနှင့်ပတ်သက်၍လည်း အထူးစိုးရိမ်ပူပန်ကြောင်းဖော်ပြထားကာ နိုင်ငံသားအပြည့်အဝရရှိစေရန်အတွက် ရိုဟင်ဂျာများအားတန်းတူညီမျှအခွင့်အလမ်းများပေးပါရန်လည်း အစိုးရအားတောင်းဆိုထားသည်။ တတိယကော်မတီက မြန်မာနိုင်ငံအတွင်းရှိ ရိုဟင်ဂျာများနှင့်အခြားမွတ်စလင်များအပေါ် အကြမ်းဖက်နေမှုများအားလည်းရပ်တန့်ပေးပါရန်အစိုးရအားတောင်းဆိုထားသည်။

နိုဝင်ဘာလ ၂၁ ရက်နေ့တွင် ရိုဟင်ဂျာများအားနိုင်ငံသားအဖြစ်သတ်မှတ်ပေးရန် UN ဆုံးဖြတ်ချက်၏တောင်းဆိုမှုကို အစိုးရမှပယ်ချခဲ့သည်။ သမ္မတဦးသိန်းစိန်၏ပြောရေးဆိုခွင့်ရှိသူဦးရဲထွတ်က ရိုဟင်ဂျာဆိုသည့်အသုံးအနှုံးကိုအစိုးရမှ

လက်မခံကြောင်းကိုထပ်မံပြောကြားလိုက်ပြီး ၁၉၈၂ နိုင်ငံသားပြုမှုဥပဒေမှသတ်မှတ်ချက်များနှင့် ကိုက်ညီသည့်ဘင်္ဂါလီများကိုသာလျှင် နေပြည်တော်မှနိုင်ငံသားအဖြစ်ပေးအပ်သွားမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

EU နှင့်မြန်မာတို့ပိုမိုနီးကပ်သောစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများအပေါ်အာရုံစိုက်လာကြ

နိုဝင်ဘာလ ၁၃ ရက်မှ ၁၅ ရက်အထိတွင် EU ကော်မရှင်နာများ၊ MEP များ နှင့် ဥရောပကုမ္ပဏီ ၁၀၀ ကျော်တို့မှကိုယ်စားလှယ်များပါဝင်သော EU နိုင်ငံခြားရေးရာနှင့်လုံခြုံရေးမူဝါဒဆိုင်ရာအဆင့်မြင့်ကိုယ်စားလှယ်ကက်သရင်းအက်ရှ်တွန် Catherine Ashton ဦးဆောင်သော EU ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့နှင့်နေပြည်တော်တို့တွင်ပြုလုပ်မည့် အီးယူ-မြန်မာလုပ်ငန်းအဖွဲ့ EU-Burma Task Force အစည်းအဝေးများသို့တက်ရောက်ရန်အတွက် မြန်မာနိုင်ငံသို့ရောက်ရှိလာခဲ့ကြသည်။

နိုဝင်ဘာလ ၁၄ ရက်နေ့တွင် EU ကိုယ်စားလှယ်အဖွဲ့မှအဖွဲ့ဝင်များသည် မြန်မာနိုင်ငံမှနိုင်ငံရေး၊စီးပွားရေး၊လူအဖွဲ့အစည်းတို့မှကိုယ်စားလှယ်များနှင့် ရန်ကုန်မြို့တွင်ဆွေးနွေးပွဲများပြုလုပ်ခဲ့ကြသည်။ နိုဝင်ဘာလ ၁၅ ရက်နေ့တွင် မြန်မာနိုင်ငံနှင့် EU မှကိုယ်စားလှယ်များသည် နေပြည်တော်တွင်ပြုလုပ်သည့် နိုင်ငံရေး၊စီးပွားရေးနှင့်လွှတ်တော်ဆိုင်ရာဆွေးနွေးမှုစသည်တို့ကို အဓိကထားဆွေးနွေးသော သီးခြားအစည်းအဝေးသုံးခုတို့တွင် ပါဝင်တက်ရောက်ခဲ့ကြသည်။ ထိုဆွေးနွေးပွဲများတွင် သမ္မတဦးသိန်းစိန်၊ဒေါ်အောင်ဆန်းစုကြည်နှင့်ကက်သရင်းအက်ရှ်တန်တို့လည်း တက်ရောက်ခဲ့ကြသည်။ နိုဝင်ဘာလ ၁၅ ရက်နေ့အစည်းအဝေးများအပြီး တွဲဘက်ဥက္ကဋ္ဌကက်သရင်းအက်ရှ်တန်နှင့်သမ္မတရုံးဝန်ကြီးဦးစိုးသိန်းတို့ထုတ်ပြန်သောပူးတွဲကြေငြာချက်အရ အစိုးရနှင့်အီးယူတို့သည် ၂၀၁၄ ခုနှစ်တွင်လူ့အခွင့်အရေးဆွေးနွေးပွဲပြုလုပ်ရန်၊ စီးပွားရေးဆက်ဆံမှုများကိုကူညီအကျိုးဆောင်ပေးနိုင်ရန်အတွက် အီးယူ-မြန်မာစီးပွားရေးကောင်စီကိုတည်ထောင်ရန်နှင့် SME၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးမှု၊သတ္တုတွင်းကဏ္ဍတို့နှင့်ပတ်သက်၍ နောက်ထပ်မူဝါဒရေးရာဆွေးနွေးမှုများ လုပ်ဆောင်သွားရန်တို့ကိုသဘောတူခဲ့ကြသည်။

ဆန္ဒပြမှုများကြားမှ OIC ကိုယ်စားလှယ်အဖွဲ့မြန်မာနိုင်ငံသို့လာရောက်

နိုဝင်ဘာလ ၁၃ ရက် မှ ၁၇ ရက်တွင် အစ္စလာမ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ OIC အထွေထွေအတွင်းရေးမှူးချုပ်အက္ကမီလက်ဒင်အစ်စါနိုဂလူ Ekmeleddin Ihsanoglu ဦးဆောင်သည့် OIC အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့လာရောက်ခဲ့သည်။ ထိုခရီးစဉ်ထဲတွင် ကိုယ်စားလှယ်အဖွဲ့သည် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းအပါအဝင်အစိုးရအရာရှိများ၊ MP များနှင့်လူ့အဖွဲ့အစည်းများမှကိုယ်စားလှယ်များနှင့်တွေ့ဆုံခဲ့ကြသည်။ ဆွေးနွေးမှုများသည်အခြေခံအားဖြင့် ရခိုင်ပြည်နယ်မှအခြေအနေများအပေါ်အဓိကထားခဲ့ကြသည်။ နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ကိုယ်စားလှယ်အဖွဲ့သည် ရခိုင်ပြည်နယ်စစ်တွေနှင့်မောင်တောတို့မှ IDP ဒုက္ခသည်စခန်းများအားသွားရောက်ခဲ့ပြီး ဗုဒ္ဓဘာသာရခိုင်အသိုင်းအဝိုင်းရော ရိုဟင်ဂျာများအပါအဝင်မွတ်စလင်အသိုင်းအဝိုင်းများနှင့်ပါ တွေ့ဆုံခဲ့ကြသည်။ နိုဝင်ဘာလ ၁၇ ရက်နေ့တွင် အစိုးရနှင့်ပူးတွဲထုတ်ပြန်ကြေငြာချက်အရ OIC ကိုယ်စားလှယ်အဖွဲ့သည် အခြေခံလွတ်လပ်ခွင့်များအားကန့်သတ်ထားသောဥပဒေများအား ပယ်ဖျက်ခြင်းအပါအဝင် ဥပဒေဆိုင်ရာပြုပြင်ပြောင်းလဲမှုများအား ဆက်လက်ပြုလုပ်ပါရန်အစိုးရအားတောင်းဆိုလိုက်သည်။

နိုင်ငံအတွင်းသို့ OIC လာရောက်မှုအပေါ် မြန်မာနိုင်ငံအနံ့အပြား၌ ဆန္ဒပြပွဲများပြုလုပ်ခဲ့ကြသည်။ နိုဝင်ဘာလ ၁၂ ရက်မှ ၁၆ ရက်တွင် ရန်ကုန်၊မန္တလေး၊ပဲခူး၊မကွေး၊ဧရာဝတီ၊စစ်ကိုင်းစသည့်တိုင်းများနှင့် ရခိုင်ပြည်နယ်၊ရှမ်းပြည်နယ်တို့၌ OIC အားဆန့်ကျင်ဆန္ဒပြမှုများဖြစ်ပွားခဲ့သည်ဟု သတင်းများရရှိခဲ့သည်။ ဆန္ဒပြပွဲအများစုကို အစိုးရအာဏာပိုင်များမှလုပ်ခွင့်ပြုခဲ့ကာ ဗုဒ္ဓဘာသာဘုန်းတော်ကြီးများတက်ကြွစွာပါဝင်ကြသည်ကို တွေ့ရှိရပါသည်။

စီးပွားရေး

လျှပ်စစ်မီတာခတိုးမြှင့်ကောက်ခံမှုကိုရွှေ့ဆိုင်း

နိုဝင်ဘာလတွင် လမ်းပေါ်ဆန္ဒပြသူများနှင့် လွှတ်တော်အတွင်းမှအတိုက်အခံများက လျှပ်စစ်မီတာတိုးမြှင့်ကောက်ခံရန် စီစဉ်ထားမှုကိုဆိုင်းငံ့ထားရန် အစိုးရအားဖိအားပေးခဲ့ကြသည်။

နိုဝင်ဘာလ ၂၉ ရက်နေ့တွင် အစိုးရလျှပ်စစ်စွမ်းအားဝန်ကြီးဌာနက တလလျှင်ယူနစ် ၁၀၀ အထက်အသုံးပြုသောအိမ်ထောင်စုများအား နိုဝင်ဘာလ ၁ ရက်နေ့မှစတင်ကာ တယူနစ်လျှင် ၃၅ ကျပ်မှ ၅၀ ကျပ် (US$ ၀.၀၃-၀.၀၅) ၄၃% အထိ လျှပ်စစ်မီတာခများတိုးမြှင့်ကောက်ခံသွားမည်ဟု ကြေငြာခဲ့သည်။ တလလျှင်ယူနစ် ၅၀၀၀ အထက်အသုံးပြုသော လုပ်ငန်းအသုံးပြုသူများအတွက် မီတာခမှာတယူနစ်လျှင် ၇၅ ကျပ်မှ ၁၅၀ ကျပ်သို့နှစ်ဆဖြစ်သွားမည်ဖြစ်သည်။ အစိုးရက လျှပ်စစ်ထုတ်လုပ်ရန်နှင့်ဝယ်ယူရန်စရိတ်များကိုကာမိစေရန်လိုအပ်သောကြောင့်ဟု ပြောဆိုကာမီတာခတက်ရခြင်းကိုအကြောင်းပြရှင်းလင်းခဲ့သည်။ ရန်ကုန်မှစက်ရုံပိုင်ရှင်များစွာတို့က လျှပ်စစ်မီတာခများတိုးမြှင့်ကောက်ခံခြင်းများသည် သူတို့၏စီးပွားရေးလုပ်ငန်းများအား ဆိုးရွားစွာထိခိုက်စေလိမ့်မည်ဟုပြောဆိုခဲ့ကြသည်။ မန္တလေးမှစက်မှုလုပ်ငန်းခေါင်းဆောင်များက မီတာခများတိုးမြှင့်ကောက်ခံခြင်းကိုနောက်နှစ်စောစောပိုင်းအထိရွှေ့ဆိုင်းခြင်း သို့မဟုတ် အစီအစဉ်အားလုံးအားဖျက်သိမ်းခြင်း ပြုလုပ်ပါရန်အစိုးရအားတိုက်တွန်းလိုက်သည်။ သာမန်အိမ်ထောင်စုများကလည်း မီတာခမြင့်တက်လာမှုအပေါ် စိုးရိမ်မှုများဖော်ပြခဲ့ကြသည်။

နိုဝင်ဘာလ ၆ ရက်နေ့မှ ၈ ရက်နေ့အထိတွင် ရန်ကုန်မြို့နှင့်မန္တလေးမြို့၌ နေထိုင်သူများနှင့်တက်ကြွလှုပ်ရှားသူများသည် အစိုးရ၏လျှပ်စစ်မီတာခများတိုးမြှင့်ကောက်ခံရန်စီစဉ်မှုအပေါ် ဖယောင်းတိုင်မီးများထွန်း၍ ငြိမ်းချမ်းစွာဆန္ဒပြခဲ့ကြသည်။ လျှပ်စစ်မီတာခများတိုးမြှင့်ကောက်ခံမှုကိုရွှေ့ဆိုင်းရန်နှင့် ကောက်ခံမှုနှုန်းထားအသစ်ကိုပြန်လည်သုံးသပ်ရန် အစိုးရအားတိုက်တွန်းထားသော USDP ပါတီမှလွှတ်တော်အမတ်ဦးအေးမောင်တင်ပြလာသည့်အဆိုကို အမျိုးသားလွှတ်တော်မှ နိုဝင်ဘာလ ၈ ရက်နေ့တွင်အတည်ပြုပေးခဲ့သည်။ ကောက်ခံမှုနှုန်းထားအသစ်သည် စက်ရုံများနှင့်အိမ်ထောင်စုများအပေါ် ဆိုးရွားသောသက်ရောက်မှုများရှိလာနိုင်သည်ဟူသော စိုးရိမ်မှုများကိုလွှတ်တော်အမတ်များမှတင်ပြဆွေးနွေးကြသည်။ နိုဝင်ဘာလ ၁၂ ရက်နေ့တွင် အစိုးရလျှပ်စစ်စွမ်းအားဝန်ကြီးဦးခင်မောင်စိုးက နေပြည်တော်(အစိုးရ)သည် လျှပ်စစ်မီတာနှုန်းထားအသစ်နှင့်ကောက်ခံရန်ကို ၂၀၁၄-၁၅ ဘဏ္ဍာရေးနှစ်အထိရွှေ့ဆိုင်းလိမ့်မည်ဖြစ်ကြောင်း အမျိုးသားလွှတ်တော်အားပြောကြားခဲ့သည်။

မြန်မာအစိုးရ၊ ထိုင်းအစိုးရတို့ထားဝယ်အထူးစီးပွားရေးဇုံ SEZ ကိုထိန်းချုပ်လိုက်

တနင်္သာရီတိုင်းမှ ရှေ့မဆက်နိုင်ဖြစ်နေသောထားဝယ်အထူးစီးပွားရေးဇုံ (SEZ) အားပြန်လည်သုံးသပ်ရန်ကြိုးပမ်းသည့်အနေဖြင့် နိုဝင်ဘာလတွင်မြန်မာအစိုးရနှင့်ထိုင်းအစိုးရတို့သည် ထိုစီမံကိန်းအားအဓိကအကောင်အထည်ဖော်ရသည့် ထိုင်းကုမ္ပဏီတခုဖြစ်သော အီတာလျံ-ထိုင်းဖွံ့ဖြိုးရေး (ITD) ၏လက်ထဲမှပြန်လည်ရယူထိန်းချုပ်လိုက်ကြသည်။ နိုဝင်ဘာလ ၂၁ ရက်နေ့တွင် မြန်မာနှင့်ထိုင်းအရာရှိများသည် ၁) ထားဝယ် SEZ ကိုဆောက်လုပ်ရန် ITD အားပေးအပ်ထားသည့် ၇၅ နှစ်လုပ်ကိုင်ခွင့်ကိုဖျက်သိမ်းသော ၂) ထိုင်းနှင့်မြန်မာအစိုးရများမှပူးတွဲပိုင်ဆိုင်သည့်ကုမ္ပဏီအား ထိုလုပ်ကိုင်ခွင့်ကိုလွှဲပြောင်းပေးသော ၃) ယခုအထိအကောင် အထည်ဖော်တည်ဆောက်ပြီးသမျှတို့အတွက် SEZ တွင်ရင်းနှီးမြှုပ်နှံသူအသစ်များမှ ITD ကုမ္ပဏီအားကုန်ကျစရိတ်များ ပြန်လည်ပေးအပ်ရမည်ဟု ထည့်သွင်းဖော်ပြထားသော နားလည်မှုစာချွန်လွှာသုံးခုကိုလက်မှတ်ရေးထိုးခဲ့ကြသည်။

နိုဝင်ဘာလအတွင်းမြန်မာနိုင်ငံဆိုင်ရာအခြားသတင်းများ

၁	မန္တလေးတိုင်းမေမြို့ရှိကျေးရွာ ၈ ရွာမှလယ်သမားများသည် လွန်ခဲ့သည့် ၁၂ နှစ်ကဗြင်းတို့ထံမှစစ်တပ်က သိမ်းယူသွားခဲ့သည့်မြေဧက ၁၀၀၀၀ အားပြန်လည်ပေးအပ်ပါရန် တောင်းဆိုသည့်စာကို သမ္မတဦးသိန်းစိန်နှင့် မြေယာသိမ်းယူမှုများနှင့်

	ပတ်သက်၍တိုင်ကြားချက်များကို စုံစမ်းစစ်ဆေးရန်တာဝန်ရှိသည့်အမျိုးသားလွှတ်တော်ကော်မရှင်တို့သို့ပေးပို့ခဲ့သည်။
၁	နိုင်ငံသို့လစဉ်ပြောကြားသော ရေဒီယိုမိန့်ခွန်းထဲတွင် သမ္မတဦးသိန်းစိန်ကဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ရန်စဉ်းစားလျှင် မြန်မာနိုင်ငံအနေဖြင့် "အစွန်းရောက်မှုများ" ကိုရှောင်ကျဉ်သင့်ကြောင်းပြောကြားသွားသည်။
၂	ရခိုင်ပြည်နယ်ပေါက်တောမြို့နယ်မှအထိကရုဏ်းများအတွင်း ရဲများကပစ်ခတ်သည့်အတွက် ဆင်သက်မော်ဒုက္ခသည်စခန်းမှ ရိုဟင်ဂျာ IDP တဦးသေဆုံးကာသုံးဦးဒါဏ်ရာရခဲ့သည်။
၃	ဒေါ်အောင်ဆန်းစုကြည်သည် ၁၅ ရက်တာဥရောပခရီးစဉ်အပြီး ရန်ကုန်သို့ပြန်လည်ရောက်ရှိလာခဲ့သည်။
၄	ရန်ကုန်မှ UN ပြောရေးဆိုခွင့်ရှိသူဦးအေးဝင်းက ကချင်ပြည်နယ်မန်စီမြို့နယ်မှမတည်ငြိမ်သော လုံခြုံရေးအခြေအနေသည် မြို့နယ်အတွင်းမှထိခိုက်ခံစားနေရသောလူထုထံသို့ UN မှလူသားချင်းစာနာသည့်အကူအညီများမပေးပို့နိုင်ရန် အတားအဆီးဖြစ်နေသည်ဟု ပြောကြားလိုက်သည်။
၄	ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံတကာချစ်ကြည်ရေးထိစပ်မှုအတွက်တရုတ်အဖွဲ့ China Association for International Friendly Contact ၏ တရုတ်နိုင်ငံသို့အလည်အပတ်လာရောက်ရန်ဖိတ်ကြားချက်ကိုလက်ခံခဲ့သည်ဟု ပြောကြားလိုက်သည်။
၄	EU မှအဖွဲ့တဖွဲ့သည် ရန်ကုန်မြို့ရှိရဲတပ်ရင်း ၈ ဌာနချုပ်တွင် ဥပဒေထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များအတွက် လူစုလူဝေးထိန်းသိမ်းမှု ၁၈ လသင်တန်းကိုစတင်ပြုလုပ်ခဲ့သည်။
၅	လွှတ်တော်သို့တင်ပြသောအစီရင်ခံစာတခုတွင် စစ်တပ်မှအုပ်ချုပ်စဉ်နှစ်များအတွင်း အစိုးရဝန်ကြီးဌာန ၁၅ ခုတို့တွင်ခန့်မှန်းခြေ အကြွေးအမေရိကန်ဒေါ်လာ ၁.၁ ဘီလီယံတင်ရှိနေသည်ဟု စာရင်းစစ်ချုပ်ရုံးကပြောကြားထားသည်။
၆	ကမ္ဘာ့ဘဏ်ကမြန်မာနိုင်ငံ၏စီးပွားရေးသည် ၂၀၁၄ခုတွင်ခန့်မှန်းခြေ ၆.၈% တိုးတက်လာလိမ့်မည်ဟုပြောကြားလိုက်သည်။ သို့သော်လည်း ဩဂုတ်လတွင်ကမ္ဘာ့ဘဏ်မှ ၇.၃%မြင့်တက်လိမ့်မည်ဟုခန့်မှန်းထားသော ငွေဖောင်းပွမှုအတွက်မူ စိုးရိမ်ကြောင်းထုတ်ဖော်ပြောကြားလိုက်သည်။
၇	အမျိုးသားလွှတ်တော်က ADB မှအစိုးရအားအမေရိကန်ဒေါ်လာသန်း ၆၀ ချေးငွေကိုအတည်ပြုပေးလိုက်ပြီဖြစ်သဖြင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် နိုင်ငံတွင်းရှိလျှပ်စစ်ဓါတ်အားလိုင်းများကို ပိုမိုကောင်းမွန်အောင်လုပ်ဆောင်နိုင်ပြီဖြစ်ပါသည်။
၇	ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးဒီပူမိုနီ Dipu Moni ကမြန်မာနိုင်ငံသားများစိမ့်ဝင်လာခြင်းကိုရပ်တန့်နိုင်ရန်အတွက် မြန်မာနိုင်ငံနှင့်ထိစပ်နေသော နယ်စပ်ကိုချက်ချင်းပိတ်ပင်တားဆီးနိုင်ရန် ပြင်ဆင်မှုများအားဘင်္ဂလားဒေ့ရှ်အစိုးရမှချမှတ်ထားသည်ဟုပြောကြားလိုက်သည်။
၁၁	တနင်္သာရီတိုင်းထားဝယ်တွင် လယ်သမား ၁၀၀ တို့သည် ၁၉၉၀ ခုနှစ်ကသူတို့ထံမှစစ်တပ်ကသိမ်းယူသွားခဲ့သော မြေဧက ၃၀၀ ခန့်ကို သူတို့အားပြန်လည်ပေးပါရန် တောင်းဆိုဆန္ဒပြခဲ့ကြသည်။
၁၂	မြန်မာနိုင်ငံဆိုင်ရာအမေရိကန်သံအမတ်ဒဲရစ်မစ်ရှယ် Derek Mitchell ဦးဆောင်သော US၊ UK နှင့်ဆွစ်ဇာလန်သံအဖွဲ့ဝင်များ၏ ကိုယ်စားလှယ်အဖွဲ့သည် ပြည်နယ်တွင်းမှအခြေအနေများကိုဆွေးနွေးနိုင်ရန်အတွက် ရခိုင်ပြည်နယ်စစ်တွေမြို့တွင် ရခိုင်ပြည်နယ်အစိုးရအရာရှိများနှင့်တွေ့ဆုံခဲ့ကြသည်။
၁၄	ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံတွင်ဖက်ဒရယ်စနစ်ရှိရန်အတွက် ထောက်ခံကြောင်းပြောကြားလိုက်သည်။
၁၅	ချင်းအမျိုးသားညီလာခံအပြီးတွင် တက်ရောက်သူများကအချက် ၁၀ ချက်ပါသောကြေငြာချက်တစောင်ကိုထုတ်ပြန်လိုက်ကာ ဖက်ဒရယ်ပုံစံပြည်ထောင်စု၊ တိုင်းရင်းသားအခွင့်အရေးကိုအကာအကွယ်ပေးရေး၊ ပါတီစုံဒီမိုကရေစီ၊ ကျားမတန်းတူရေး နှင့် လူ့အခွင့်အရေးများကိုအကာအကွယ်ပေးရေးတို့ကို တောင်းဆိုလိုက်သည်။
၁၈	ရန်ကုန်မြို့ရှိ US သံရုံးကကြေငြာချက်တစောင်ထုတ်ပြန်လိုက်ကာ မြန်မာပြည်အရှေ့ပိုင်း၊ ရခိုင်ပြည်နယ်နှင့်ကချင်ပြည်နယ်တို့မှ IDP များအားအကူအညီပေးရန်အတွက် ဝါရှင်တန် (အမေရိကန်အစိုးရ) မှနောက်ထပ်အမေရိကန်ဒေါ်လာ ၂၅ သန်းထောက်ပံ့ပေးသွားမည်ဟု ပြောကြားလိုက်သည်။
၁၈	ရခိုင်ပြည်နယ်ကျောက်ဖြူတွင် ဗုဒ္ဓဘာသာဝင်အုပ်စုတခုက ဗလီတလုံးကိုထိခိုက်ပျက်စီးစေခဲ့ကြသည်။
၂၁	သမ္မတဦးသိန်းစိန်က ဦးမော်သထွေးအား အစိုးရလျှပ်စစ်စွမ်းအားဝန်ကြီးဌာနဒုတိယဝန်ကြီးအဖြစ် ခန့်အပ်လိုက်သည်။
၂၂	အစိုးရရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဦးတင်အေးက ၂၀၁၅ခုနှစ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လိုသည့် ကိုယ်စားလှယ်လောင်းများအတွက် ပေးဆောင်ရမည့် ငါးသိန်းကျပ် (အမေရိကန်ဒေါ်လာ ၅၁၈ဒေါ်လာ) ကိုလျှော့ချပေးရန်ကော်မရှင်မှစီစဉ်နေကြောင်းပြောကြားလိုက်သည်။
၂၂	အစိုးရနိုင်ငံခြားရေးဝန်ကြီးဌာနမှအရာရှိတဦးက ၂၀၁၄ခုတွင်အာဆီယံထိပ်သီးအစည်းအဝေးကို လက်ခံကျင်းပနိုင်ရန်အတွက် သမ္မတရုံးမှဘတ်ဂျက် ၃၃.၄ဘီလီယံကျပ် (အမေရိကန်ဒေါ်လာ ၃၄ သန်း) ကိုချမှတ်ပေးထားသည်ဟုပြောကြားလိုက်သည်။
၂၂	UNFC အဖွဲ့ဝင်များအပါအဝင်တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများမှ ကိုယ်စားလှယ်များသည် တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးအဆိုပြုချက်နှင့်ပတ်သက်ပြီး ဆွေးနွေးနိုင်ရန်အတွက် မြန်မာ့နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များနှင့် ၂ ရက်တာဆွေးနွေးပွဲ၏ပထမရက်အဖြစ် ထိုင်းနိုင်ငံချင်းမိုင်မြို့တွင်တွေ့ဆုံခဲ့ကြသည်။
၂၃	ဥရောပကော်မရှင်က ရခိုင်နှင့်ကချင်ပြည်နယ်မှ အကြမ်းဖက်မှုများ၏ဒါဏ်ကိုခံစားခဲ့ရသူများအား အကူအညီပေးနိုင်ရန်အ

	တွက် နောက်ထပ်လူသားချင်းစာနာမှုဆိုင်ရာအကူအညီအနေဖြင့် ယူရိုငွေ ၃ သန်း (အမေရိကန်ဒေါ်လာ ၄.၀၆သန်း) ထောက်ပံ့ပေးသွားမည်ဟု ဂတိပြုလိုက်သည်။
၂၄	ငြိမ်းချမ်းစွာစုရုံးခြင်းနှင့်ဆန္ဒပြခြင်းဥပဒေအားပြင်ဆင်ရန်အတွက် လွှတ်တော်အားတောင်းဆိုသည့်စာကို လူထုအဖွဲ့အစည်း ၅၂ ခုမှလက်မှတ်ရေးထိုးခဲ့ကြသည်ဟု ၈၈ မျိုးဆက်ကျောင်းသားများနှင့်မျိုးဆက်လိုင်းအဖွဲ့တို့မှ ပြောကြားလိုက်သည်။
၂၆	အစိုးရသတင်းစာဖြစ်သော New Light of Myanmar ကရခိုင်ပြည်နယ်သံတွဲမြို့နယ်တွင် နောက်ဆုံးအကြိမ်ဖြစ်ပွားခဲ့သော လူမျိုးဂိုဏ်းဂဏအခြေခံအကြမ်းဖက်မှုများနှင့်ဆက်စပ်၍ လူ ၉၃ ဦးအားရာဇဝတ်ပုဒ်မများဖြင့်သတ်မှတ်တရားစွဲဆိုထားသည်ဟု သတင်းဖော်ပြခဲ့သည်။
၂၆	ရန်ကုန်မြို့ရှိစမ်းချောင်းနှင့်ဒဂုံမြို့နယ်တရားရုံးများက ၂၀၁၂ခုနှစ်စက်တင်ဘာလတွင်ရန်ကုန်မြို့၌ နိုင်ငံတကာငြိမ်းချမ်းရေးနေ့အထိမ်းအမှတ် ငြိမ်းချမ်းစွာချီတက်လမ်းလျှောက်ပွဲတွင်ပါဝင်ခဲ့၍ဟုဆိုကာ ကချင်တက်ကြွလှုပ်ရှားသူမရန်ဂျော်ဂွန်းနှင့်မမေစပါယ်ဖြူတို့အား ငြိမ်းချမ်းစွာစုရုံးခြင်းနှင့်ဆန္ဒပြခြင်းဥပဒေအရ ငွေဒါဏ် ၂ သောင်းကျပ်စီ (အမေရိကန်ဒေါ်လာ ၂၀)ချမှတ်ခဲ့သည်။
၂၆	ရန်ကုန်သင်္ဃန်းကျွန်းမြို့နယ်တွင်နေထိုင်သူ ၃၀၀ ခန့်တို့သည် ၁၉၉၀ နှစ်များကစစ်တပ်ကသူတို့ထံမှသိမ်းယူသွားခဲ့သောမြေများအားပြန်လည်ပေးပါရန် ရန်ကုန်မြို့တွင်တောင်းဆိုဆန္ဒပြခဲ့ကြသည်။
၂၇	ဒေါ်အောင်ဆန်းစုကြည်သည် ဩစတေးလျနိုင်ငံသို့ငါးရက်တာခရီးစဉ်အဖြစ် ဆစ်ဒနီမြို့သို့ရောက်ရှိခဲ့သည်။
၂၇	ဒေါ်အောင်ဆန်းစုကြည်က ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ရန်မှာ ရွေးချယ်တင်မြှောက်ထားခြင်းမဟုတ်သော တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ တိုက်ရိုက်ခန့်ထားသည့်လွှတ်တော်ကိုယ်စားလှယ်များ အပေါ်တွင်တည်မှီနေခြင်းကြောင့် ထိုဖွဲ့စည်းပုံအခြေခံဥပဒေသည် "လုံးဝဒီမိုကရေစီနည်းလမ်းမကျ" ပါဟုပြောကြားလိုက်သည်။
၂၈	ဒေါ်အောင်ဆန်းစုကြည်နှင့်ဩစတေးလျဝန်ကြီးချုပ်တိုနီအက်ဘော့ Tony Abbott တို့သည် ကန်ဘာရာ တွင်တွေ့ဆုံစဉ်အတွင်း လူ့အခွင့်အရေး၊ကူညီထောက်ပံ့မှုများ၊ဒီမိုကရေစီစသည်တို့နှင့်ပတ်သက်ပြီး ဆွေးနွေးခဲ့ကြသည်။

နိုဝင်ဘာလအတွင်းထုတ်ပြန်ခဲ့သောမြန်မာနိုင်ငံနှင့်ပတ်သက်သည့်အစီရင်ခံစာများ

"ဗမာ/မြန်မာ နိုင်ငံအရှေ့တောင်ဘက်မှဆင်းရဲမွဲတေမှု၊အိုးအိမ်မှဖယ်ရှားခံရမှုများနှင့်ဒေသအုပ်ချုပ်ရေး" နယ်ခြားအဖွဲ့ The Border Consortium (TBC) http://bit.ly/1aNzL5q

"မြန်မာနိုင်ငံမှကျယ်ပြန့်စွာဖြစ်ပေါ်နေသောမြေယာသိမ်းဆည်းမှုများ-ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်အတွက်အဓိကစိန်ခေါ်မှု" မြန်မာ့အအရေးပူးပေါင်းဆောင်ရွက်သူများအဖွဲ့ Burma Partnership http://bit.ly/18iCPbM

"အက်ဖီတမင်းပုံစံစိတ်ကြွ ဆေးနှင့်အခြားမူးယစ်ဆေးဝါးများ၏ပုံသဏ္ဍာန်နှင့်လားရာလမ်းကြောင်းများ-အာရှနှင့်ပစိဖိတ်အတွက်စိန်ခေါ်မှုများ" မူးယစ်ဆေးဝါးနှင့်ရာဇဝတ်မှုများဆိုင်ရာ UN ရုံး "United Nations Office on Drugs and Crime (UNODC) http://bit.ly/179sCbw

"ကလေးငှားရန်ရှိသည် - မွန်ဒေသမှကလေးလုပ်သားပုံဖော်မှု" အမျိုးသမီးနှင့်ကလေးအခွင့်အရေးပရော့ဂျက် Woman and Child Rights Project http://bit.ly/17WVclY

"သဘာဝအရင်းအမြစ်မှလူသားအရင်းအနှီး - မြန်မာနိုင်ငံမှကလေးများအတွက်လက်တွေ့ကျသော၊ဖြစ်နိုင်သော၊ချက်ချင်းအထောက်အကူဖြစ်သောအဖြေများ" ကမ္ဘာ့ကုလသမဂ္ဂကလေးများရံပုံငွေအဖွဲ့ United Nations Children's Fund (UNICEF) http://uni.cf/1aTSTiI

"ခေတ်သစ်ကျွန်စနစ် - ရန်ကုန်စက်မှုဇုံမှအလုပ်သမားများ၏အခြေအနေကိုလေ့လာခြင်း" အလုပ်သမားအခွင့်အရေးအကြံပေးဌာန၊ လွတ်လပ်သောအလုပ်သမားများပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်၊ ဆောက်လုပ်ရေးအခြေခံလုပ်သားများသမဂ္ဂနှင့်အလုပ်သမားအထောက်အကူပေးရေးအဖွဲ့ (Labour Rights Clinic, Cooperation Program of Independent Laborers, Construction-based Labor Union. and Workers Support Group) http://bit.ly/1ivjCFA

"မြေမြှုပ်မိုင်းစောင့်ကြည့်ရေး ၂၀၁၃ ခု" မြေမြှုပ်မိုင်းတားဆီးရေးနိုင်ငံတကာလှုပ်ရှားမှု International Campaign to Ban Landmines (ICBL) http://bit.ly/1igw91M

"မြန်မာနိုင်ငံအကူးအပြောင်းကာလတွင်ကျန်းမာရေးပြန်လည်ထူထောင်မှု" နည်းဗျူဟာနှင့်နိုင်ငံတကာလေ့လာရေးစင်တာ Center for Strategic and International Studies (CSIS) http://bit.ly/17Ce3AQ

"မြန်မာနိုင်ငံမှသစ်ကူးသန်းရောင်းဝယ်ရေးစီးဆင်းရာနှင့်လုပ်ဆောင်နေသူများ - မြန်မာ့သစ်ကုန်သွယ်ရေး၏နိုင်ငံရေးစီးပွားရေး" သစ်တောလမ်းကြောင်း Forest Trends http://bit.ly/18tcUOM